**၁၇.၆.၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော လက်အောက်ခံ ကုမ္ပဏီ၏ အစုရှယ်ယာဝယ်ယူခြင်းနှင့် အစုရှယ်ယာပိုင်ဆိုင်မှု ပြောင်းလဲခြင်းနှင့် ပတ်သက်၍ နောက်ဆုံး အခြေအနေအား ထုတ်ပြန်ခြင်း**

ဖတ်(စ်)မြန်မာ အင်ဗက်(စ်)မဲ့(န်) အများပိုင် ကုမ္ပဏီလီမိတက် ("**ကုမ္ပဏီ**" နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ "**ကုမ္ပဏီအုပ်စု**") ၏ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သော ရိုးမဘဏ် လီမိတက် ("**ရိုးမဘဏ်**") ၏ အဆိုပြုထားသော အစုရှယ်ယာ ဝယ်ယူခြင်းနှင့် ရှယ်ယာပိုင်ဆိုင်မှု အပြောင်းအလဲ ဖြစ်ခြင်း နှင့် ပတ်သက်၍ နောက်ဆက်တွဲ အခြေအနေအား အသိပေးကြေငြာအပ်ပါသည်။

ဤ ကြေငြာချက်တွင် အသုံးပြုထားသော စကားရပ်များသည် အခြား အဓိပ္ပါယ် ဖွင့်ဆိုချက် မရှိပါက အဆိုပြုထားသော ရှယ်ယာဝယ်ယူခြင်းနှင့် သက်ဆိုင်သည့် ၂၀၁၉ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ကုမ္ပဏီက ထုတ်ပြန်သော ယခင် ကြေငြာချက်ပါ ("**ယခင် ကြေငြာချက်**" ) ပါ စကားရပ်များအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုရမည် ဖြစ်သည်။

## ၁။ ရိုးမဘဏ်၏ ရှယ်ယာပိုင်ဆိုင်မှု အပြောင်းအလဲ နှင့် ရှယ်ယာ ဝယ်ယူခြင်း ကိစ္စ

### ၁.၁။ ဆောင်ရွက်ချက် (၂)

လက်ရှိကာလတွင် ပါဝင်သည့် ကုမ္ပဏီများမှ ရှယ်ယာအလဲအထပ် ပြုလုပ်ခြင်း သဘောတူစာချုပ်ပါ အချက်အလက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း အသိပေးကြေငြာလိုပါသည်။

ယခင် ကြေငြာချက်နှင့် ဆက်စပ်၍ ရှယ်ယာအလဲအထပ် ပြုလုပ်ခြင်း သဘောတူစာချုပ်ပါ အချက်အလက်များကို ပြောင်းလဲရန်အတွက် ကုမ္ပဏီနှင့် Yangon Land တို့သည် သဘောတူညီချက်ပြင်ဆင်မှု စာချုပ် ("**သဘောတူညီချက်ပြင်ဆင်မှု စာချုပ်**") ကို ချုပ်ဆိုခဲ့ပါသည်။ ထိုပြင်ဆင်သည့် စာချုပ်အရ ကုမ္ပဏီက Yangon Land ထံမှ ရယူမည့် ရိုးမဘဏ် အစုရှယ်ယာ အရေအတွက်သည် ၆၅၁,၉၅၂ စုသို့ ပြောင်းလဲ၍ ကုမ္ပဏီမှ ထုတ်ဝေပေးမည့် သာမန်အစုရှယ်ယာ အရေအတွက်သည် ၅,၉၉၆,၉၄၇ စုသို့ လျော့နည်းပြီး ("**FMI ရှယ်ယာအလဲအထပ်ပြုလုပ်ခြင်း**") ငွေသားပေးချေမှု အနေဖြင့် ကျပ် ၉,၈၆၂,၀၀၀,၀၀၀ ("**ငွေသားဖြင့် ပေးချေမှု**") သို့ လျော့ကျမည် ဖြစ်သည်။

ဆောင်ရွက်ချက် (၂) အနေဖြင့် မတည်ရင်းနှီးငွေ တိုးချဲ့ခြင်း ဆိုင်ရာ လုပ်ငန်းများ ပြီးစီးသွားပါက ကုမ္ပဏီ၏ ရိုးမဘဏ်တွင် အစုရှယ်ယာ ပိုင်ဆိုင်မှု ("**အဆိုပြုထားသော အစုရှယ်ယာ ပိုင်ဆိုင်မှု**") အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်လာပါမည်။

| | ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပိုင်ဆိုင်မှု | လက်ရှိ ပိုင်ဆိုင်မှု | ဆောင်ရွက်ချက် (၂) နှင့် မတည်ရင်းနှီးငွေ ထပ်တိုးခြင်း ပြီးစီးသည့်နောက် အဆိုပြုထားသော ပိုင်ဆိုင်မှု |
|---|---|---|---|
| FMI ကုမ္ပဏီ လီမိတက် | ၅၁% | ၄၈.၃၉% | ၆၁.၉၉% |

အထက်တွင် ဖော်ပြထားသည့်အချက်များမှလွဲ၍ အစုရှယ်ယာအလဲအထပ်စာချုပ်ပါ ကျန်သဘောတူညီချက်အားလုံးသည် ဤ သဘောတူညီချက်ပြင်ဆင်မှု ကြောင့် မည်သည့် ပြောင်းလဲမှုမျှမ မရှိဘဲ ဆက်လက် အသက်ဝင်နေမည် ဖြစ်သည်။

## ၂။ သတိပြုရန် ကြေငြာချက်

ဒါရိုက်တာ အဖွဲ့သည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအား အကြံပြုလိုသည့် အချက်မှာ ဆောင်ရွက်ချက်များ ပြီးစီးရန် အရေးသည် ကြိုတင်ဖြည့်ဆည်းရမည့် အချက်အလက်များ ပြီးစီးမှု ရှိမရှိ အပေါ်မူတည်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများထံမှ ခွင့်ပြုချက်ရရှိရန် လည်း လိုအပ်ပါသည်။ ထို့ကြောင့် ဤ ကြေငြာချက်တွင် ပါဝင်သော ဆောင်ရွက်ချက်များ ပြီးစီးလိမ့်မည်ဟု ကြေငြာချက် ထုတ်ပြန်သည့် နေ့အထိ အတိအကျ အာမခံချက် မပေးနိုင်သေးပါ။

အစုရှယ်ယာရှင်များအနေဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို အရောင်းအဝယ်များ ပြုလုပ်ရာတွင် အထူး သတိပြုကြပါရန် အကြံပြုလိုပါသည်။ အစုရှယ်ယာရှင်များ အနေဖြင့် ဤ သတင်းထုတ်ပြန်ချက်ကို သေချာစွာ ဖတ်ရှုပြီး အဆိုပြုထားသော ဆောင်ရွက်ချက်များနှင့် ပတ်သတ်၍ ကုမ္ပဏီမှ နောက်ထပ်ထုတ်ပြန်မည့် သတင်းထုတ်ပြန်ချက် များကိုလည်း သေချာစွာ ဖတ်ရှုကြရန် အကြံပြုလိုပါသည်။ အစုရှယ်ယာရှင်များ အနေဖြင့် ၎င်းတို့ဆောင်ရွက်ရမည့် အရာများကို သံသယ တစုံတရာရှိ၍ အကူအညီလိုအပ်ပါက အစုရှယ်ယာပွဲစားများ၊ ဘဏ်ဝန်ထမ်းများ၊ ရှေ့နေများ၊ သို့မဟုတ် အခြားကျွမ်းကျင်ပညာရှင် အကြံပေးများနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်

**First Myanmar Investment Public Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm

**UPDATE ANNOUNCEMENT RELATING TO ACQUISITION AND SHAREHOLDING CHANGES IN COMPANY'S SUBSIDIARY MADE ON 17 JUNE 2019**

The Board of Directors of First Myanmar Investment Public Company Limited (the "**Company**" and with its subsidiaries, the "**Group")** wishes to announce an update on the proposed acquisition and shareholding changes in the Company's subsidiary, Yoma Bank Limited ("**Yoma Bank**").

Capitalised terms used in this announcement, unless otherwise defined herein, have the same meanings as used in the Company's announcement dated 17 June 2019 relating to the proposed transactions ("**Previous Announcement**").

## 1. THE ACQUISITION AND SHAREHOLDING CHANGES IN YOMA BANK

### 1.1 Transaction 2 – Variation to the terms of the Share Swap Agreement

The Company wishes to announce that parties are presently in the process of fulfilling the conditions set out in the Share Swap Agreement.

Following the Previous Announcement the Company and Yangon Land have entered into an amendment agreement ("**Amendment Agreement**") to vary the number of shares and consideration under the Share Swap Agreement. Pursuant to the Amendment Agreement, the number of Yoma Bank shares which the Company acquire from Yangon Land will be changed to 651,952 shares and the settlement to Yangon Land will be changed to (a) a share swap issuance of 5,996,947 new ordinary shares in the capital of the Company ("**FMI Swap Shares**") and (b) cash payment of MMK 9,862,000,000 ("**Cash Payment**").

Following the completion of Transaction 2 and the Capital Expansion by Yoma Bank, it is intended that the Company's shareholding in Yoma Bank ("**Proposed Shareholding**") will be as follows.

| | Shareholding as at 31 March 2019 | Current Shareholding | Proposed Shareholding after Transaction 2 and Capital Expansion |
|---|---|---|---|
| The Company | 51% | 48.39% | 61.99% |

Save as disclosed above, all other terms of the Share Swap Agreement, as amended by the Amendment Agreement, remain valid.

## 2. CAUTIONARY STATEMENT

The Board would like to advise Shareholders that completion of the proposed transactions is subject to certain conditions precedent being fulfilled, and including any regulatory approvals that may be required, and there is no certainty or assurance as at the date of this announcement that the transactions contemplated in this announcement will be completed or that no changes will be made to the terms thereof.

Shareholders are advised to exercise caution when trading and dealing in the shares of the Company. Shareholders are advised to read this announcement and any further announcement(s) by the Company relating to the proposed transactions carefully. Shareholders should consult their stockbrokers, bankers, solicitors or other professional advisers if they have any doubt about the actions they should take.

**By Order of the Board**

Tun Tun
Executive Director
14 November 2019

**First Myanmar Investment Public Company Limited**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm